# ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ

(၁၉၈၀ ပြည်နှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၃)

## နိဒါန်း

ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သော သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် ဝိနည်းဓမ္မကံ အဓိကရဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းတို့ကို အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ ယင်း အတည်ပြုပြဋ္ဌာန်းချက်များအနက်မှ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်ပါသည်။

အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေ ဟုခေါ်တွင် စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်။

(က) **ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်း** ဆိုသည်မှာ ဝိနည်းတရားတော်အားလျော်စွာ တရားသဖြင့် ဆောင်ရွက်အပ်သော မှုခင်းကိစ္စများကို ဆိုသည်၊

(ခ) **အဓိကရဏ်း** ဆိုသည်မှာ သမထ ၇ ပါးတို့ဖြင့် ငြိမ်းစေအပ်သော ဝိဝါဒါဓိကရဏ်း၊ အနုဝါဒါဓိကရဏ်း၊ အာပတ္တာဓိကရဏ်း၊ ကိစ္စာဓိကရဏ်း ၄ မျိုးကို ဆိုသည်၊

(၁) **သမထ** ဆိုသည်မှာ နောက်ဆက်တွဲ(က)၌ ဖော်ပြထားသော အဓိကရဏ်း အေးငြိမ်း စေကြောင်း တရား ၇ ပါးကို ဆိုသည်၊

(၂) **ဝိဝါဒါဓိကရဏ်း** ဆိုသည်မှာ နောက်ဆက်တွဲ(ခ)၌ ဖော်ပြထားသော အငြင်းပွားမှု တစ်ဆယ့်ရှစ်မျိုးကို ဆိုသည်၊

(၃) **အနုဝါဒါဓိကရဏ်း** ဆိုသည်မှာ နောက်ဆက်တွဲ(ဂ)၌ ဖော်ပြထားသော စွပ်စွဲမှု ၄ မျိုး ကို ဆိုသည်၊

(၄) **အာပတ္တာဓိကရဏ်း** ဆိုသည်မှာ နောက်ဆက်တွဲ(ဃ)၌ ဖော်ပြထားသော အာပတ် ၇ မျိုးတို့တွင် တစ်မျိုးမျိုးသော အာပတ်သင့်ခြင်းကို ဆိုသည်၊

(၅) **ကိစ္စာဓိကရဏ်း** ဆိုသည်မှာ နောက်ဆက်တွဲ(င)၌ ဖော်ပြထားသော သံဃာ့အမှုကိစ္စ ၄ မျိုး ဆောင်ရွက်ခြင်းကို ဆိုသည်၊

(ဂ) **သံဃဝိနိစ္ဆယအဖွဲ့** ဆိုသည်မှာ ဝိနည်းဓမ္မကံ အဓိကရဏ်း မူလမှုခင်းကိုဖြစ်စေ၊ အယူခံ စောဒနာမှုခင်းကိုဖြစ်စေ ကြားနာစစ်ဆေးဆုံးဖြတ်ရန် ဖွဲ့စည်းထားသော ဝိနည်းဓိုရ် ဆရာတော်များ ပါဝင်သည့်အဖွဲ့ကို ဆိုသည်၊

(ဃ) **ဝိနည်းဓိုရ်** ဆိုသည်မှာ ဝိနည်းတရားတော်နှင့်အညီ စစ်ဆေးဆုံးဖြတ်ရန် သံဃာတော်များက သမ္မုတိပေးသော ရဟန်းတော်ကို ဆိုသည်၊

(င) **စောဒက** ဆိုသည်မှာ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းနှင့် စပ်လျဉ်းသော တစ်ဘက် စုဒိတက၏ အပြစ်ကို ထင်ရှားစွာဖော်ပြ၍ အဆုံးအဖြတ်ရယူလိုသော တရားလိုပုဂ္ဂိုလ် ကို ဆိုသည်၊

(စ) **စုဒိတက** ဆိုသည်မှာ ဝိနည်းဓမ္မကံ အဓိကရဏ်း မှုခင်းနှင့် စပ်လျဉ်း၍ အပြစ်ရှိသည်ဟု အစွပ်စွဲခံရသော တရားပြိုင်ပုဂ္ဂိုလ်ကို ဆိုသည်၊

(ဆ) **သာသနာရေးဆိုင်ရာပစ္စည်း** ဆိုသည်မှာ အောက်ဖော်ပြပါ ပစ္စည်းများကို ဆိုသည်-

(၁) သက်ဆိုင်ရာဥပဒေနှင့်အညီ အာဏာပိုင်တစ်ရပ်ရပ်က သတ်မှတ်ထားသည့် သာသနာ့မြေ၊

(၂) အစဉ်အလာအရ ရှေးနှစ်ပေါင်းများစွာက သိသာထင်ရှားစွာ အများကလက်ခံ ထားသည့် သာသနာ့မြေ၊

(၃) သာသနာ့မြေပေါ်တွင် ဆောက်လုပ်လှူဒါန်းထားသော သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ဇရပ် စသော အဆောက်အအုံများ၊

(၄) ရဟန်းသံဃာအား လှူဒါန်းထားသော ရဟန်းသံဃာနှင့်အပ်စပ်သည့် အသုံးအဆောင် ပစ္စည်းများ၊

(၅) စေတီတော်အား လည်းကောင်း၊ ကျောင်းအား လည်းကောင်း၊ ကျောင်းတိုက်အား လည်းကောင်း၊ နဝကမ္မအား လည်းကောင်း လှူဒါန်းထားသော ရတနာ၊ ရွှေ၊ ငွေ၊ ကြေး နှင့် ဂရုဘဏ် လဟုဘဏ် ပစ္စည်းများ။

(ဇ) **ကျောင်း** ဆိုသည်မှာ ရဟန်းသံဃာပိုင်ဆိုင်၍ သီတင်းသုံးနေထိုင်သော အဆောက်အအုံ ကို ဆိုသည်၊

(ဈ) **ကျောင်းတိုက်** ဆိုသည်မှာ အာရာမ် အပိုင်းအခြားတစ်ခုအတွင်းရှိ ကျောင်းအစုအဝေးကို ဆိုသည်၊

(ည) **လုပ်ထုံးလုပ်နည်းများ** ဆိုသည်မှာ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက အတည်ပြု ပြဋ္ဌာန်းသော ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဆိုသည်။

အခန်း(၂)

**ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်း စစ်ဆေးခြင်း**

၃။ ဝိနည်းဓမ္မကံအဓိကရဏ်း မူလမှုခင်းကို ဖြစ်စေ၊ အယူခံစောဒနာမှုခင်းကို ဖြစ်စေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းထားသည့် သံဃဝိနိစ္ဆယအဖွဲ့များနှင့် သီးခြားဝိနည်းဓိုရ်အဖွဲ့များကသာ ဝိနည်းတရားတော်နှင့်အညီ စစ်ဆေးဆုံးဖြတ်ရမည်။

၄။ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းကို စစ်ဆေးဆုံးဖြတ်နိုင်ရေးအတွက် လာရောက်အမှုရင်ဆိုင်ရန် ပျက်ကွက်သော စောဒကကိုသော်လည်းကောင်း၊ စုဒိတကကိုသော်လည်းကောင်း ခေါ်ယူပေးရန် သံဃဝိနိစ္ဆယအဖွဲ့က အကြောင်းကြားလာပါက သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်း သို့မဟုတ် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် ထိုသို့ ပျက်ကွက်သော စောဒက သို့မဟုတ် စုဒိတက လာရောက်အမှုရင်ဆိုင်ရန် အကြောင်းကြားစာ ထုတ်ဆင့်ပေးရမည်။

အခန်း(၃)

**ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်း စစ်ဆေးနေစဉ်ကာလအတွင်း မှုခင်းဆိုင်ရာပစ္စည်းအရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း**

၅။ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းသည် သိမ်၊ ကျောင်း၊ ဇရပ် စသော အဆောက်အအုံတစ်ခုခုကို ပိုင်ဆိုင်လက်ဝယ်ရလိုမှုနှင့် ပတ်သက်နေလျှင်ဖြစ်စေ၊ ထိုအဆောက်အအုံများ တည်ရှိရာ ကျောင်းတိုက်တစ်ခုလုံးကို ပိုင်ဆိုင်လက်ဝယ်ရလိုမှုနှင့် ပတ်သက်နေလျှင်ဖြစ်စေ ယင်း အဆောက်အအုံနှင့် ကျောင်းတိုက်ရှိ ပုဂ္ဂိုလ်အားလုံးကိုသော်လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုသော်လည်းကောင်း ဖယ်ရှားရန်လိုအပ်လျှင် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးရမည်။

၆။ ပုဒ်မ ၅ အရ လိုအပ်၍ ပုဂ္ဂိုလ်အားလုံးကို ဖယ်ရှားရလျှင် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် သင့်လျော်သည့် အဖွဲ့အစည်းကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ ယင်း အဆောက်အအုံ သို့မဟုတ် ကျောင်းတိုက်ကို အမှုမပြီးမီ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ပေးအပ်နိုင်သည်။

၇။ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းသည် ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ပိုင်ဆိုင်လက်ဝယ်ရလိုမှုနှင့်ပတ်သက်နေလျှင် သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် နှစ်ဘက် အမှု

သည်များရှေ့မှောက်တွင် စာရင်းပြုစု၍ ယင်းပစ္စည်းများကို လိုအပ်သလို ထိန်းသိမ်းစောင့်ရှောက်ထားရမည်။

## အခန်း(၄)

## သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာစေခြင်း

၈။ စာဒက သို့မဟုတ် စုဒတကတစ်ဦးဦးက အယူခံစာဒနာဝင်လွှာ တင်သွင်းခြင်းမရှိလျှင် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော အယူခံစာဒနာဝင်ရက် ကုန်ဆုံးပြီးနောက်သော်လည်းကောင်း၊ အယူခံစာဒနာဝင်ခဲ့လျှင် အယူခံမှုပြတ်စဲပြီးနောက်သော်လည်းကောင်း သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာအောင် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ပေးရမည်။

## အခန်း(၅)

## အထွေထွေ

၉။ သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်း သို့မဟုတ် မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသည့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စများကို ဆောင်ရွက်ပေးရမည်။

၁၀။ ဤဥပဒေ အာဏာမတည်မီက ငြိမ်းပြီးဖြစ်သော အဓိကရဏ်းမှုခင်းများကို မည်သည့် သံဃဝိနိစ္ဆယအဖွဲ့ကမျှ လက်ခံစစ်ဆေး ဆုံးဖြတ်ခြင်း မပြုရ။

၁၁။ ဤဥပဒေ အာဏာတည်သည့်နေ့တွင် မပြီးမပြတ်ရှိနေသော ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများကို လုပ်ထုံးလုပ်နည်းများဖြင့် လုပ်ပိုင်ခွင့် အပ်နှင်းထားသော သက်ဆိုင်ရာ အဖွဲ့အစည်းများက ဆက်လက် ဆောင်ရွက်ရမည်။

၁၂။ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများကို မည်သည့် တရားရုံးတွင်မျှ တရားမကြောင်းအရ စွဲဆိုခွင့် မရှိစေရ။

၁၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်တို့ကို ဆောင်ရွက်နိုင်ရန် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန ဝန်ကြီးအား တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းလိုက်သည်။

နောက်ဆက်တွဲ(က)

**အဓိကရုဏ်း အေးငြိမ်းစေကြောင်း သမထတရား**

| | | |
|---|---|---|
| (၁) သမ္မုခါ ဝိနည်း | = | သံဃ၊ ဓမ္မ၊ ဝိနယ ပုဂ္ဂိုလ်တို့၏ မျက်မှောက်၌ ငြိမ်းအေးစေကြောင်း ဝိနည်းတရား |
| (၂) သတိ ဝိနည်း | = | သတိပြည့်စုံပြန့်ပြောသော ရဟန္တာအား ပေးအပ်သော ဝိနည်းတရား |
| (၃) အမူဠှ ဝိနည်း | = | ဂဂ္ဂရဟန်းကဲ့သို့ အလွန်တွေဝေရူးသွပ်သော ရဟန်းအား ပေးအပ်သော ဝိနည်းတရား |
| (၄) ပဋိညာတကရဏ ဝိနည်း | = | ဝန်ခံသည့်အတိုင်း ပြုအပ်သော ဝိနည်းတရား |
| (၅) ယေဘုယျသိက ဝိနည်း | = | ဓမ္မဝါဒီပုဂ္ဂိုလ်များရာ စာရေးတံယူစေ၍ ပြုအပ်သော ဝိနည်းတရား |
| (၆) တဿပါပိယသိက ဝိနည်း | = | ထို ဥပဝါဠ ရဟန်းကဲ့သို့ ယုတ်မာသော ရဟန်းအား ပြုအပ်သော ဝိနည်းတရား |
| (၇) တိဏ္ဏဝတ္ထာရက ဝိနည်း | = | မစင်ကြယ်သော ဝတ္ထုတို့ကို ဖုံးလွှမ်းကြောင်း မြက်နှင့်တူသော ဝိနည်း |

(ဝိ၊ ၄။ ၁၈၈၊ ၂၁၀။ ကခ်ါ။ ၂၈၉။)

နောက်ဆက်တွဲ(ခ)

## ဝိဝါဒါဓိကရုဏ်း အငြင်းပွားမှု တစ်ဆယ့်ရှစ်မျိုး

(၁) မဟုတ်မှန်သောတရား (အကုသလကမ္မပထ) ကို ဟုတ်မှန်သောတရား (ကုသလကမ္မပထ) ဟု အငြင်းပွားခြင်း

(၂) ဟုတ်မှန်သောတရား (ကုသလကမ္မပထ) ကို မဟုတ်မှန်သောတရား (အကုသလကမ္မပထ) ဟု အငြင်းပွားခြင်း

(၃) ဝိနည်းဟုတ်သည်ကို ဝိနည်းမဟုတ်ဟု အငြင်းပွားခြင်း

(၄) ဝိနည်းမဟုတ်သည်ကို ဝိနည်းဟုတ်၏ဟု အငြင်းပွားခြင်း

(၅) မြတ်စွာဘုရား ဟောတော်မမူအပ်သောတရားကို မြတ်စွာဘုရား ဟောတော်မူအပ်သောတရားဟု အငြင်းပွားခြင်း

(၆) မြတ်စွာဘုရား ဟောတော်မူအပ်သောတရားကို မြတ်စွာဘုရား ဟောတော်မမူအပ်သောတရားဟု အငြင်းပွားခြင်း

(၇) မြတ်စွာဘုရား မလေ့ကျက် မပြုမူအပ်သည်ကို မြတ်စွာဘုရား လေ့ကျက် ပြုမူအပ်၏ဟု အငြင်းပွားခြင်း

(၈) မြတ်စွာဘုရား လေ့ကျက် ပြုမူအပ်သည်ကို မြတ်စွာဘုရား မလေ့ကျက် မပြုမူအပ်ဟု အငြင်းပွားခြင်း

(၉) မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်၏ဟု အငြင်းပွားခြင်း

(၁၀) မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ်ဟု အငြင်းပွားခြင်း

(၁၁) အာပတ်မသင့်သည်ကို အာပတ်သင့်၏ဟု အငြင်းပွားခြင်း

(၁၂) အာပတ်သင့်သည်ကို အာပတ်မသင့်ဟု အငြင်းပွားခြင်း

(၁၃) ထုလ္လစ္စည်း စသည့် အာပတ် ၅ ပုံ တည်းဟူသော ပေါ့သော(လဟုက) အာပတ်ကို ပါရာဇိက သံဃာဒိသိသ် တည်းဟူသော ကြီးလေးသော(ဂရုက) အာပတ်ဟု အငြင်းပွားခြင်း

(၁၄) ပါရာဇိက သံဃာဒိသိသ် တည်းဟူသော ကြီးလေးသော(ဂရုက) အာပတ်ကို ထုလ္လစ္စည်း စသည့် အာပတ် ၅ ပုံ တည်းဟူသော ပေါ့သော(လဟုက) အာပတ်ဟု အငြင်းပွားခြင်း

(၁၅) သံဃာဒိသိသ် စသည့် အာပတ် ၆ ပုံ တည်းဟူသော ရဟန်းသီလ အကြွင်းရှိသော (သာဝသေသ) အာပတ်ကို ပါရာဇိက အာပတ် တည်းဟူသော ရဟန်းသီလ အကြွင်းမရှိသော (အနဝသေသ) အာပတ်ဟု အငြင်းပွားခြင်း

(၁၆) ပါရာဇိက အာပတ် တည်းဟူသော ရဟန်းသီလ အကြွင်းမရှိသော (အနဝသေသ) အာပတ်ကို သံဃာဒိသိသ် စသည့် အာပတ် ၆ ပုံ တည်းဟူသော ရဟန်းသီလ အကြွင်းရှိသော (သာဝသေသ) အာပတ်ဟု အငြင်းပွားခြင်း

(၁၇) ပါရာဇိက သံဃာဒိသိသ် တည်းဟူသော ရှုန့်ရင်းသော(ဒုဋ္ဌုလ္လ) အာပတ်ကို ထုလ္လစ္စည်းစသည့် အာပတ် ၅ ပုံ တည်းဟူသော မရှုန့်ရင်းသော (အဒုဋ္ဌုလ္လ) အာပတ်ဟု အငြင်းပွားခြင်း

(၁၈) အာပတ်ကို ထုလ္လစ္စည်းစသည့် အာပတ် ၅ ပုံ တည်းဟူသော မရှုန့်ရင်းသော (အဒုဋ္ဌုလ္လ) အာပတ်ကို ပါရာဇိက သံဃာဒိသိသ် တည်းဟူသော ရှုန့်ရင်းသော(ဒုဋ္ဌုလ္လ) အာပတ်ဟု အငြင်းပွားခြင်း

(ဝိ၊ ၃။ ၅၀၁။ ဝိ၊ ၌၊ ၄။ ၁၁၃။ သာရတ္ထ၊ ၃။ ၄၂၁။ ဝိမတိ၊ ၂။ ၂၅၇။)

နောက်ဆက်တွဲ(ဂ)

**အနုဝါဒါဓိကရုဏ်း စွပ်စွဲမှု ၄ မျိုး**

(၁) ပါရာဇိက ၄ ပါး၊ သံဃာဒိသိသ် တစ်ဆယ့်သုံးပါးတို့တွင် တစ်ပါးပါးသော သီလပျက်စီးခြင်း (သီလ ဝိပတ္တိ) ဖြင့် စွပ်စွဲခြင်း

(၂) ထုလ္လစ္စည်းပါစိတ် ပါဋိဒေသနီဒုက္ကဋ် ဒုဗ္ဘာသိ တို့တွင် တစ်ပါးပါးသော အကျင့်ပျက်စီးခြင်း (အာစာရ ဝိပတ္တိ) ဖြင့် စွပ်စွဲခြင်း

(၃) မှန်သောအယူ ပျက်စီးခြင်းဟု ဆိုအပ်သော ဒိဋ္ဌိဝိပတ္တိဖြင့် စွပ်စွဲခြင်း

(၄) အသက်မွေးမှု ပျက်စီးခြင်းဟု ဆိုအပ်သော အာဇီဝိပတ္တိ ၆ ပါးတို့တွင် တစ်ပါးပါးဖြင့် စွပ်စွဲခြင်း

နောက်ဆက်တွဲ(ဃ)

## အာပတ္တာဓိကရုဏ်း အာပတ် ၇ မျိုး

| | | | |
|---|---|---|---|
| (၁) | ပါရာဇိက အာပတ် | = | ရဟန်းအဖြစ်ကို ဆုံးရှုံးစေနိုင်သော အပြစ် |
| (၂) | သံဃာဒိသိသ် အာပတ် | = | အစ၊ အလယ်၊ အဆုံး ၃ ပါးလုံး၌ သံဃာကို အလိုရှိအပ်သော အပြစ် |
| (၃) | ထုလ္လစ္စည်း အာပတ် | = | ကျန်အာပတ် ၅ ပုံ တို့တွင် အရုန့်ရင်းဆုံးသော အပြစ် |
| (၄) | ပါစိတ် အာပတ် | = | ကုသိုလ်စိတ်ကို ကျဆုံးစေတတ်သော အပြစ် |
| (၅) | ပါဋိဒေသနီ အာပတ် | = | "ဂါရယှံ အာဝုသော" စသည်ဖြင့် သီးခြားဒေသနာ ကြားအပ်သော အပြစ် |
| (၆) | ဒုက္ကဋ် အာပတ် | = | မကောင်းသော ကိုယ်၊ နှုတ် အမူအရာကြောင့် သင့်သော အပြစ် |
| (၇) | ဒုဗ္ဘာသီ အာပတ် | = | မကောင်းသော နှုတ်အမူအရာကြောင့် သင့်သော အပြစ် |

နောက်ဆက်တွဲ(င)

**ကိစ္စာဓိကရုဏ်း သံဃာ့အမှုကိစ္စ ၄ မျိုး**

| | | |
|---|---|---|
| (၁) အပလောကနကံ | = | ညီညွတ်သောသံဃာ၏ အလိုအားဖြင့် ဆိုင်ရာအကြောင်းကို ထုတ်ဖော်၍ "သံဃာတော်အား နှစ်သက်ပါ၏လော"ဟု ၃ ကြိမ် ပန်ကြား ပြုလုပ်အပ်သော အမှု |
| (၂) ဉတ္တိကံ | = | ကမ္မဝါစာ မဖတ်ပဲ ဉတ်တစ်ကြိမ်ဖြင့်သာ ပြုလုပ်အပ်သော အမှု |
| (၃) ဉတ္တိဒုတိယကံ | = | ဉတ်တစ်ကြိမ်၊ ကမ္မဝါစာ တစ်ကြိမ်တို့ဖြင့် ပြုလုပ်အပ်သော အမှု |
| (၄) ဉတ္တိစတုတ္ထကံ | = | ဉတ်တစ်ကြိမ်၊ ကမ္မဝါစာ ၃ ကြိမ်တို့ဖြင့် ပြုလုပ်အပ်သော အမှု |